**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: www.cnfhqr.org Email: cnf.headquarters@gmail.com


## အကြမ်းဖက်စစ်ကောင်စီ မှ အပြစ်မဲ့ ပြည်သူများအား ဦးတည် တိုက်ခိုက်မှု အပေါ် ထုတ်ပြန်ချက်

၁။ CNA, CDF - KKG နှင့် CDF – Hualngoram ပူးပေါင်းတပ်ဖွဲ့မှ ချင်းပြည်၊ ဖလမ်းမြို့အခြေစိုက် ခလရ (၂၆၈) စကစ တပ်ရင်း၌ာနချုပ်ကို တိုက်ခိုက်သည့်  ဩဂုတ်လ ၁၂ ရက်နေ့ နံနက် တစ်နာရီခွဲမှ လေးနာရီ အထိ နှစ်နာရီခွဲကြာ တိုက်ပွဲတွင် မိမိ ဖက်မှ CDF- KKG ရဲဘော် တစ်ဦး ကျဆုံးပြီး စကစ ဖက်မှ (၆)ဦးကျဆုံးသည့် အပြင် (၉) ဦး ထိခိုက်ဒါဏ်ရာ ရရှိခဲ့ကြသည်။ နှစ်ဖက်တိုက်ပွဲတွင် စကစ ၏ လက်နက်ကြီးများ အပါအဝင် လက်နက်(၁၁)လက်နှင့် ကျည်ဆံအများအပြားသိမ်းဆည်းခဲ့သည်။

၂။ နှစ်ဖက် တိုက်ပွဲ အပြီး နံနက် (၁၀) နာရီ ခန့်တွင် အကြမ်းဖက် စစ်ကောင်စီသည် ဖလမ်းမြို့ပေါ် မှ မိုင် ၂၀ ခန့်စီဝေးသည့် ပြည်သူများ နေထိုင်သည့် ရမ်ထလို နှင့် ဆွန်တလာ ကျေးရွာနှစ်ရွာအား ဗုံးကြဲ ပစ်ခတ်ခဲ့ရာ ရမ်ထလို ( Ramthlo) ကျေးရွာမှ အပြစ်မဲ့ ပြည်သူ (၇)ဦး ထိခိုက်ဒါဏ်ရာရရှိသည့်အပြင် ခရစ်ယာန် ဘုရားကျောင်း နှင့် လူနေအိမ် အနည်းဆုံး(၂)လုံး မီးလောင် ပျက်စီးပြီး ဆွန်ထလာ ( Sun thla) ကျေးရွာ မှ အပြစ်မဲ့ပြည်သူ အနည်းဆုံး (၇)ဦး ထိခိုက် ဒါဏ်ရာ ရရှိခဲ့ကြသည်။

၃။ အကြမ်းဖက်စစ်ကောင်စီ၏ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်ဗုံးကြဲသတ်ဖြတ်သည့် စက်ဆုပ်ဖွယ် လုပ်ရပ်သည် စစ်ရာဇဝတ်မှုကို ကျူးလွန်ချိုးဖောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် လူဦးရေ အနည်းဆုံးဖြစ်သည့် ချင်းလူမျိုးများအပေါ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းဖြစ်သဖြင့် အပြင်းအထန် ရှုတ်ချသည်။

၄။ စကစ ၏ အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၊ မိသားစုဝင်များ အပေါ် ဘုရားရှင်ထံမှ စိတ်နှလုံးငြိမ်သက်ခြင်း သက်ရောက်စေကြောင်း ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးကြပါရန် နှင့် အကြမ်းဖက် စစ်ကောင် စီအား အရေးယူ အပြစ်ပေးမှုများပြုလုပ်ကြပါရန် အလေးအနက် တောင်းဆိုသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
၂၀၂၃ ခုနှစ် ဩဂုတ်လ ( ၁၃) ရက်နေ့